ACC Against COVID-19




# အစီအစဉ် (၁၅ )

## “COVID-19 ကာလတွင် ရင်ဆိုင်ကြုံတွေ့ရသည့် ထပ်ဆောင်းဝန်ထုပ်ဝန်ပိုး”

တင်ပြသူ
မြတ်ဆုသင်း

COVID-19 ဆိုသည့် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါနှင့်အတူ ပူးတွဲပါဝင်လာတာကတော့ ကမ္ဘာတစ်ဝှမ်းမှာ လူမှုစီးပွားဘဝများ ထိခိုက်လာခြင်းဖြစ်ပါသည်။ ကမ္ဘာ့ဒေသများကြားတွင် ဗိုင်းရပ်ပျံ့နှံ့မှုဟန့်တားရန် ရည်ရွယ်သော ပိတ်ဆို့မှုများသည် လူမှုဘဝနှင့် စီးပွားရေးလုပ်ငန်းများ အားလုံးနီးပါး ရပ်တန့်သွားစေသည်။



အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများ၊ ထိခိုက်လွယ်သူများ (Vulnerable Persons) မှာ အစားအစာပြတ်လပ်မှုနှင့် ငတ်မွတ်မှုများကိုရင်ဆိုင်ရပါသည်။ ရောဂါဘယ၊ ဆင်းရဲနွမ်းပါးမှုနှင့် လုံးချာလိုက်နေခြင်းပြဿနာသည် ဆင်းရဲချို့တဲ့ပြီး စစ်မက်ထူပြောသောနိုင်ငံများမဆိုထားနှင့် ချမ်းသာသောကမ္ဘာ့နိုင်ငံများတွင်ပါ ကြုံတွေ့ရပါသည်။ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးတို့အပေါ် အကြီးအကျယ်သက်ရောက်မှုနှင့်အတူ အဂတိလိုက်စားမှုပြဿနာသည်လည်း အရိပ်ပမာ ထပ်ကြပ်မကွာလိုက်လာပါသည်။



ကမ္ဘာနှင့်အဝှမ်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး (Wildlife Conservation) များကိုဆောင်ရွက်နေစဉ် အကျင့်ပျက်ခြစားကာ တောရိုင်းတိရိစ္ဆာန်များကို တရားမဝင် ရောင်းဝယ်ရာမှတဆင့် တိရစ္ဆာန်များမှ ကူးစက်တတ်သောရောဂါ (Zoonotic Disease) သည်လူသားထံသို့ ကူးစက်လာပါသည်။ လူသားတို့၏ အတ္တများ၊ တစ်ကိုယ်ကောင်းဆန်မှုများနှင့် အဂတိလိုက်စားမှုများကြောင့် ဖြစ်ပွားရသည်မှာ ငြင်းဆို၍မရနိုင်ပါ။






ACC Against COVID-19

Myat Su Thin

ကမ္ဘာကျော်အမေရိကန်သိပ္ပံပညာဆိုင်ရာ စာရေးဆရာ ဒေးဗစ်ကွာမန်းက “ဂေဟသစ်ပင်ကို လှုပ်ခါလိုက်သည့်အခါ ဗိုင်းရပ်စ်က ကျုပ်တို့အပေါ်ကျလာတာပေါ့” ဟုဆိုခဲ့ပါသည်။အမြွတ်သာပဓာနထားသည့် စီးပွားရေးစနစ်ကကမ္ဘာကြီးရဲ့ ဇီဝစနစ်ကိုပြောင်းလဲလိုက်ကြောင်း မျက်ဝါးထင်ထင်တွေ့မြင်ရပါသည်။ ဤသည်မှာ COVID-19 ကမ္ဘာ့ကပ်မတိုင်မီဖြစ်ပေါ်ခဲ့သော အကြောင်းအရာနှင့်အဂတိလိုက်စားမှု၏ဆက်စပ်သည့် သာဓကပင်ဖြစ်ပါသည်။



ACC Against COVID-19

Myat Su Thin

တစ်ဖန် အိန္ဒိယနိုင်ငံတွင်လည်း
COVID-19 သံသယရှိလူနာများအား
အာဏာပိုင်များသို့ သတင်းပေးမှု
ထိန်ချန်သည့်ပြဿနာများ ဖြစ်ပွားခဲ့
သည်ဟု ဖော်ပြထားပါသည်။
ယင်းသည် အသစ်ပေါ်ထွက်လာသော
အသေးစားအဂတိလိုက်စားမှုများ
ဖြစ်ပါသည်။











ကမ္ဘာ့ကပ်ရောဂါ အရှိန်အဟုန်မြင့်လာစဉ် ဖြစ်ပေါ်လာသော အဂတိလိုက်စားမှုများကိုလည်း တွေ့မြင်နိုင်ပါသည်။ ဂျာမနီနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းအဖြစ် ဟန်ဆောင်ထားသူများသည် SARs- Cov-2 Testing Kits များကို တစ်အိမ်တက်ဆင်းရောင်းချသည့် ပြဿနာပေါ်ပေါက်နေသည်ဟု ရေးသားထားသည်ကို တွေ့ရှိရပါသည်။

ACC Against COVID-19 Myat Su Thin

အရေးပေါ်အခြေအနေတွင် ဝယ်ယူရေးကိစ္စရပ်များ၌ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ အန္တရာယ်များ မြင့်တက်နေပါကြောင်းနှင့် စီးပွားရေး၊ ကျန်းမာရေးနယ်ပယ် အသီးသီးတို့တွင် အသေးစားအဂတိလိုက်စားမှု၊ မိမိဆွေမျိုးနှင့် မိတ်ဆွေတစ်စု၏ အကျိုးကိုရှေးရှုမှုများ (Nepotism)၊ တစ်ဦးတစ်ယောက်အားမျက်နှာသာပေးမှုများ (Favoritism) အစရှိသည့် အဂတိလိုက်စားမှုပုံစံအမျိုးမျိုးမှာ ကမ္ဘာတစ်ဝှမ်းတွင် အရှိန်အဟုန် မြင့်တက်နေကြောင်းသိရှိရပါသည်။











**The Global Future Council on Transparency and Anti- Corruption မှလည်း ယခုအချိန်တွင်စီးပွားရေးလုပ်ငန်းရှင်များနှင့် ဦးဆောင်သူများသည် ကိုယ်ကျင့်တရားကို စောင့်ထိန်းသော၊ ဖြောင့်မတ်တည်ကြည်သောခေါင်းဆောင်ကောင်း ဖြစ်ရန် လိုအပ်သည်ဟုဖော်ပြထားပါသည်။**

ထို့အပြင် စီးပွားရေး
လုပ်ငန်းကြီးများအကြားတွင်
ပိုမိုပူးပေါင်းဆောင်ရွက်မှုနှင့်
စည်းလုံးညီညွတ်မှုတို့သည်
ပြည်သူနှင့်အစိုးရအကြား၌ စုပေါင်း
တာဝန်ယူ၊ တာဝန်ခံသည့်အလေ့အထကို
ပိုမိုတိုးတက်စေသည့် “ဖြောင့်မတ်
တည်ကြည်ခြင်းယဉ်ကျေးမှု”တစ်ရပ်ကို
ဖြစ်ထွန်းတိုးတက်လာနိုင်စေပါသည်ဟု
ဖော်ပြထားပါသည်။






မြန်မာနိုင်ငံတွင် (COVID-19) ကပ်ရောဂါဆိုးကြီးကို နိုင်ငံတော်အစိုးရနှင့် ပြည်သူများ လက်တွဲညီညီ ပူးပေါင်းတွန်းလှန်လျက်ရှိပါသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင်လည်း (COVID-19) ရောဂါနှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်ချက်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပြီး (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟို ကော်မတီကို ဖွဲ့စည်းကာ အင်တိုက်အားတိုက် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။





လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် IDP စခန်းများနှင့် စစ်ရှောင်စခန်းများတွင် COVID-19 ရောဂါဆိုင်ရာ စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ COVID-19 ရောဂါကူးစက်ပျံ့နှံ့ဖြစ်ပွားမှုများ မရှိစေရန်အတွက် ကြိုတင်ကာကွယ်ရေး၊ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဝေငှခြင်း၊ Community Based Facility Quarantineနှင့် အခြား Quarantine အစီအစဉ်များတွင် ပါဝင်နေရသူများအတွက် စိတ်ပိုင်းဆိုင်ရာ အကြံပြုချက်များကို သိရှိနိုင်ရေး ဆောင်ရွက်ခြင်းတို့ ပြုလုပ်လျက် ရှိပါသည်။






•

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုသည် ဆယ်စုနှစ်များစွာ နယ်ပယ်အသီးသီး၌ နက်ရှိုင်းစွာအမြစ်တွယ်နေသည့် ပြဿနာကြီးတစ်ခု ဖြစ်ပါသည်။ ထိုသို့ ခိုင်မြဲစွာအမြစ်တွယ်နေသော အဂတိလိုက်စားမှုများကို ကော်မရှင်အနေဖြင့် ပြည်သူများနှင့်အတူလက်တွဲ၍ တိုက်ဖျက်သွားရန် သန္နိဋ္ဌာန် ချမှတ်ထားပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၁) ကို ရေးဆွဲကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။







ယခုကဲ့သို့
အကျပ်အတည်း
ကာလအတွင်း၌
အစိုးရ၊
ပုဂ္ဂလိကအဖွဲ့အစည်း
များတွင် တာဝန်ခံမှု၊
ဖြောင့်မတ်
တည်ကြည်မှုနှင့်
တာဝန်ဝတ္တရားများ
ထမ်းဆောင်ရန်
အထူးအရေးကြီး
လှသည်။



အစိုးရဌာနအသီးသီးမှ ဝန်ထမ်းများ၊ ပြင်ပစီးပွားရေးလုပ်ငန်းရှင်များနှင့် အများပြည်သူတို့က ၎င်းတို့၏တာဝန်ဝတ္တရားများကို ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ယူတာဝန်ခံမှုဖြင့် ဆောင်ရွက်ကြမည်ဆိုလျှင် COVID-19ကပ်ရောဂါနှင့် အတူပူးတွဲဖြစ်ပေါ်သော အဂတိလိုက်စားမှုရောဂါဆိုးကြီးကို လျော့ပါးသက်သာစေပြီး မြန်မာနိုင်ငံသည် COVID-19 နှင့် အဂတိလိုက်စားမှုဟူသည့် နှစ်ထပ်ဝန်ထုပ်ဝန်ပိုး (Double Burden) ကို လျော့ချနိုင်မည်မှာ အမှန်ပင်ဖြစ်ပါသည်။





# ကိုးကားသည့်စာစောင်များ


၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှစ်ပတ်လည်အစီရင်ခံစာ (၂၀၁၉)

၂။ မြန်မာ့အလင်းသတင်းစာ

၃။ Corruption in the time of COVID-19: A double-Threat for low income countries

၄။ Corruption and the Coronavirus: How to prevent the abuse of power during a global health pandemic

၅။ Shaking the Viral Tree: An Interview with David Quammen

၆။ Corruption can have no place in our COVID-19 recovery